ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လူထုဗဟိုပြုစီမံကိန်း(တတိယနှစ်စက်ဝန်း)

National Community Driven Development Project (NCDDP)



# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်

# Village Development Plan (VDP)

ကြံခင်းမြို့နယ်

၂၀၁၈ ခုနှစ်

လယ်ကျကျေးရွာ၊ ကြို့ပင်စုကျေးရွာအုပ်စု

**မာတိကာ**

၁. မြို့နယ်မြေပုံ

၂.ကျေးရွာမြေပုံ (တည်နေရာ)

၃.အုပ်စုတွင်ပါဝင် သောကျေးရွာများစာရင်း

၄.ကျေးရွာအခြေခံအချက်အလက်များ

၅.လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA) အကျဉ်းချုပ် ဇယား

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools များနှင့်တစ်ခုချင်းစီ

အတွက်သုံးသပ်ချက်များ

၇.ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ဆောင်ရွက်မှု မှတ်တမ်း ဓါတ်ပုံများ

၈.ကော်မတီဝင်များစာရင်း

၉.ကျေးရွာအချက်အလက် (ပုံစံ-၁)

၁၀.စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)


၁၁.ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၂.ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)

၁၃.အစည်းအဝေးမှတ်တမ်းများ


၁၄.ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ၁. မြို့နယ်မြေပုံ



ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြမြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲ ခူး တိုင်း ဒေ သ ကြီး
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ကြံခင်းသစ်တောကြိုးဝိုင်း
ဧရာဝတီမြစ်
ရခိုင် ပြည် နယ်
ကျောက်နီချောင်း
မျှင်ဝါးတောင်သစ်တောကြိုးဝိုင်း
ပတော်ချောင်း
ပတော်သစ်တော ကြိုးဝိုင်း
ရွှေသမင်သစ်တော ကြိုးဝိုင်း
မြန် အောင် မြို့ နယ်
ညွှန်းပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

## ၂။ကြံခင်းမြို့နယ် ကြို့ပင်စုကျေးရွာအုပ်စုပြမြေပုံ



## ၃. အုပ်စုတွင်ပါဝင်သောကျေးရွာစာရင်း

**ကြို့ပင်စုကျေးရွာအုပ်စု တွင်ပါဝင်သော ကျေးရွာများစာရင်း**

၁.ကိုင်းသာ ကျေးရွာ

၂. ကံရွာ ကျေးရွာ

၃. ကြို့ပင်စု ကျေးရွာ

၄. ကျောက်ပါးစပ်ကျေးရွာ

၅. ထန်းပင်ခုံကျေးရွာ

**၆. လယ်ကျ ကျေးရွာ**

တို့ဖြင့် ဖွဲ့စည်း ထားပါသည်။

## ၄။ကျေးရွာအခြေခံ အချက်အလက်များ

လယ်ကျကျေးရွာသည် ကြို့ပင်စုကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာဖြစ်သည်။ အိမ်ခြေမှ (၂၄) အိမ်ခြေသာ ဖွဲ့စည်းထားသော ကျေးရွာကလေးဖြစ်သည်။ လမ်းပန်းဆက်သွယ် ရေး ခက်ခဲသောကြောင့် မည်သည့် ဖွံ့ဖြိုးရေး အဖွဲ့အစည်းမှ ရောက်မလာခဲ့ဖူးပေ။ ရွာသို့ ဝင်သော လမ်းမှာ ကန်သင်းရိုး လမ်းဖြစ်ပါသည်။ ၂၀၁၆ ခုနှစ်တွင် ကျေးရွာနှင့် လူထုဗဟို ပြုစီမံကိန်းတို့ ပူးပေါင်းကာ လမ်းကို တာလုံးဖော်နိုင်ခဲ့ပါသည်။ ချောင်းကျောက်တော့ မခင်း နိုင်ခဲ့ပါ။ ကိုင်းသာ ရွာနှင့် ကျောက်ပါးစပ်ရွာများသို့ (၁)မိုင်ခန့် ခြေလျင်သွားရောက် ရသောကြောင့် ပညာရေး ၊ စီးပွားရေး ၊ ကျန်းမာရေး အစစအရာရာ နိမ့်ပါးပါသည်။ အခြားရွာများနှင့် အလှမ်းဝေးသောကြောင့် ရွာလုံခြုံမှု အားနည်းပါသည်။

လယ်ကျကျေးရွာရှိ လူအများစုမှာ သက်ကြီးပိုင်းများ ဖြစ်ကြပါသည်။ တစ်ရွာလုံးဗုဒ္ဓဘာသာကို ကိုးကွယ်ကြပါသည်။ ဗမာလူမျိုးအပြင် ကရင်လူမျိုး ၊ ချင်းလူမျိုးများလည်း ရှိပါသည်။ လယ်ကျကျေးရွာတွင် လူဦးရေ ပေါင်း (၆၈) ဦးရေ ရှိသည်။ အမျိုးသား ဦးရေမှာ (၃၂)၊ အမျိုးသမီးဦးရေ (၃၆) ဦးရေ ရှိသည်။

လယ်ကျကျေးရွာသည် စိုက်ပျိုးရေးကိုသာအဓိကထားလုပ်ကိုင်ကြပါသည်။လယ် ၊ ယာတောင်ယာများ၊ သစ်ခုတ်၊ ဝါးခုတ်ခြင်း ၊အမဲလိုက်ခြင်းစသောလုပ်ငန်းများကိုသာ လုပ်ကိုင်ဆောင်ရွက်ကြသည်။ ပညာရေးအားဖြင့် ကျောက်ပါးစပ်တွင် မူလတန်းကျောင်းတွင် သွားရောက် တက်ကြရပါသည်။ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး ခက်ခဲသော ကျေးရွာ ဖြစ်ပြီး ကျေးရွာမှ ဆက်သွယ်ရေးလမ်းလည်းမကောင်းလှပေ။

လယ်ကျကျေးရွာသည် အခြားကျေးရွာများနှင့် အလှမ်းကွာသောကြောင့် အဖက်ဖက်မှ တိုးတက်ရန် ကျန်ရှိသော ကျေးရွာဖြစ်သောကြောင့် ကျေးရွာလူထု မှလည်း ကျေးရွာ ဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ရန် ဆန္ဒရှိနေပါတော့သည်။


၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | လူမှုနှင့်သဘာဝအရင်းမြစ်ပြမြေပုံ (Social map & Resource map) | 12.10.2017 | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ရပ်ရွာလူထုများ | 15 | 10 | 25 | -ဒေသတွင်းသဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်မဦများ<br>-ဘာသာရေးအဆောက်အဦများ<br>-လမ်းပမ်းဆက်သွယ်ရေး |
| ၂။ | ရာသီခွင်ပြပြက္ခဒိန် (Seasional Calendar) | 12.10.2017 | ကော်မတီဝင်များ၊ရပ်ရွာလူထုများ | 15 | 10 | 25 | -ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်ကိုင်အခွင့်လမ်းများ၊ပွဲတော်များ၊ သဘာဝဘေးများ၊လယ်ယာလုပ်ငန်းနှင့်အခြားလုပ်ငန်းများ |
| ၃။ | လူမှုစီးပွားအဆင့်သက်မှတ်ခြင်း (Wealth Ranking) | 12.10.2017 | ချမ်းသာ၊ အလယ်အလက်နွမ်းပါးအုပ်စုများ | 15 | 10 | 25 | -ကျေးရွာ လူမှုစီးပွားအုပ်စုများခွဲခြားသက်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ အများသဘောတူသက်မှတ်နိုင်ရေး<br>-ကျေးရွာ၏လူမှုစီးပွားအခြေအနေ |
| ၄။ | အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ (Venn Diagram) | 12.10.2017 | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊အခြားအဖွဲ့တွင်ပါဝင်သူများ | 15 | 10 | 25 | -ကျေးရွာတွင်း ၊ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက်ဆောင်ရွက်နေပုံ။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅။ | ပင့်ကူအိမ်ကွန်ယက် (Cobweb) | 12.10.2017 | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | 15 | 10 | 25 | -နေ့စဉ်ဘဝအတွက် ဆောင်ရွက်မှုတွင် အမျိုးသားနှင့်အမျိုးသမီးတို့ပါဝင်မှုအချိုး<br>-အမျိုးသားနှင့်.အမျိုးသမီးတန်းတူအခွင့်ရေး ရရှိနိုင်မှုပေါ်သုံးသက်ခြင်း |
| ၆။ | အရင်းမြစ်များ အပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့်ဆုံးဖြတ်နိုင်မှု (Assent Mapping) | 12.10.2017 | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | 15 | 10 | 25 | -အရင်းမြစ်များပေါ်တွင် (အမျိုးသားနှင့်အမျိုးသမီးများ)အသုံးပြုနိုင်မှုနှင့် ထိန်းချုပ်မှုသည်မည်သည့်အကြောင်းကြောင့်နည်း။မည်သို့ညီမျှစွာခံစားခွင့်ရမည်နည်း။ |
| ၇။ | အခက်ခဲပြဿနာ (Problem) | 12.10.2017 | ကော်မတီဝင်များကျေးရွာလူထုအားလုံး | 15 | 10 | 25 | -ဒေသဖွံ့ဖြိုးရေးအတွက် အနှောင့်အယှက်အတားဆီး၊အခက်ခဲများ<br>-လိုအပ်ချက်များ |
| ၈။ | ကျေးရွာမျှော်မှန်းချက် (Village Vision) | 12.10.2017 | ကျေးရွာလူထုအားလုံး | 15 | 10 | 25 | -ဒေသဖွံ့ဖြိုးရေးအတွက် ဘာတွေကိုမျှော်မှန်းထားသလဲ<br>-ဘာကြောင့်မျှော်မှန်းထားမှု |
| ၉။ | ကျေးရွာ ဦးစားပေး လုပ်ငန်း | 12.10.2017 | ကော်မတီဝင်များကျေးရွာလူထုအားလုံး | 15 | 10 | 25 | အကျိုးပြုဦးရေ၊အကျိုးခံစားခွင့် လိုအပ်ချက် အဆင့်သတ်မှတ်ခြင်း |

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်

(က) <u>လူမှုရေးနှင့် အရင်းအမြစ်ပြသတ်မှတ်ခြင်းနှင့် သုံးသပ်ချက်</u>



<u>လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ</u>

## လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ (ဆွေးနွေးချက်နှင့်ဆန်းစစ်ချက်)

လယ်ကျကျေးရွာသည် ကြံခင်းမြို့နယ် ကြို့ပင်စုကျေးရွာအုပ်စုတွင်း တည်ရှိနေပြီး ကြံခင်းမြို့နှင့် မိုင် (၂၀)ကျော်ခန့် ကွာဝေးသော ကျေးရွာလေး ဖြစ်သည်။ ရွာငယ်လေး တစ်ရွာဖြစ်ပြီး အနီးဆုံး ရွာများသို့ တစ်မိုင်သွားရပါသည်။ အိမ်ခြေ (၂၄)ရှိပြီး အဓိက စီးပွားရေး လုပ်ငန်းမှာ လယ်ယာနှင့် တောတောင်များကို မှီခိုပြီး လုပ်ကိုင်စားသောက်ရပါသည်။ကျေးရွာတွင် လူနေအိမ်နှင့် စေတီတစ်ဆူမှ လွဲ၍ အခြားအဆောက်အဦများ မရှိပါ။

လမ်းပန်းဆက်သွယ်ရေးမှာ မြေသားလမ်းသာဖြစ်ပြီး မိုးရာသီတွင် သွားလာရေး အရမ်းခက်ခဲပါ သည်။ အဓိက လယ်ယာ ထွက်ကုန်များကို ပွင့်လင်းရာသီတွင် ရောင်းချရပြီး မိုးကျသည်နှင့် ရောင်းချရန် မလွယ်ကူတော့ပါ။ ကျေးရွာတွင် ရေတွင်း နှစ်တွင်းသာရှိပြီး နွေရာသီတွင် ရေခမ်း ခြောက်ကာ သောက်သုံးရေ အခက်အခဲများနှင့် နှစ်တိုင်း ကြုံတွေ့နေရပါသည်။ ရေတွင်းတူး ရန် မှာလည်း ရွာရှိ သက်ကြီးပိုင်းများ၏ ပြောကြားချက်အရ တူး၍ မရနိုင်ကြောင်း သိရှိရပါသည်။

**ကျေးရွာ၏ အဓိက လိုအပ်ချက်လုပ်ငန်းများမှာ-**

- ရေနှင့် လမ်းလုပ်ငန်းများ
- အခြေခံအဆောက်အအုံများ
- ဗဟုသုတ တိုးမြှင့်စေသော သင်တန်းများ ဖြစ်ကြသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့်တစ်ခုချင်းစီအတွက် သုံးသပ်ချက်

(ခ) <u>လူမှုစီးပွားအဆင့်သတ်မှတ်ခြင်းနှင့် သုံးသပ်ချက်</u>

| အဆင့် | စံသတ်မှတ်ချက်များ | အိမ်ခြေ | ရာခိုင်နှုန်း |
|---|---|---|---|
| အဆင့်(က) | သွပ်မိုးပျဉ်ထောင်အိမ်၊ ဟာလာစက်၊ ခြွေလှေ့စက်၊ မီးစက်၊ ရေစက်၊ ဆိုင်ကယ်၊ လယ်ထွန်စက်အသေး၊ နွား(၇)ကောင်။ လယ် (၁၀)ဧက၊ ယာ။ | 1 | 4.16% |
| အဆင့်(ခ) | သွပ်မိုးပျဉ်ထောင်၊ လယ်၊ နွား(၂)ကောင်၊ ယာ။ | 3 | 12.5% |
| အဆင့်(ဂ) | သက်ကယ်မိုးထရံကာ၊ လယ်။ | 15 | 62.5% |
| အဆင့်(ဃ) | လက်လုပ်လက်စား ။ | 5 | 20.84% |
| စုစုပေါင်း | | 24 | 100% |


## လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း

ဥစ္စာခနေကြွယ်ဂမ္ဘဇယား (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

- ကျေးရွာတွင် ( က၊ ခ၊ ဂ၊ ဃ ) အဆင့်( ၄ ) ဆင့်သတ်မှတ်ပြီးရေးဆွဲခဲ့သည်။ (က)အဆင့် အိမ်ထောင်စုများသည် ချမ်းသာ၊ (ခ)အဆင့် အိမ်ထောင်စုများသည် အသင့်အတင့်၊ (ဂ)အဆင့် အိမ်ထောင်စုများသည် နွမ်းပါး၊ (ဃ)အဆင့် အိမ်ထောင်စုများသည် အလွန်နွမ်းပါးဟူ၍ သတ်မှတ်သည်။
- အလွန်နွမ်းပါးအုပ်စုတွင် အိမ်ထောင်စု(၅) ပါဝင်သည်။
- နွမ်းပါးသောအကြောင်းအရင်းများမှာ ကျပန်းလုပ်ငန်းများ လုပ်ဆောင်ရသောကြောင့် ပုံမှန်ဝင်ငွေမရှိခြင်း၊ မိဘများအသိပညာဗဟုသုတနည်းပါးခြင်း၊ ကလေးများအား ကျောင်းမထားနိုင်ကြခြင်း၊ အလုပ်အကိုင်အခွင့် အလမ်းနည်းပါးခြင်း။
- အစီအစဉ်ရေးဆွဲရာတွင် နွမ်းပါးသူများ၏ အားလပ်ချိန်တွင်ရေးဆွဲခြင်း၊ နွမ်းပါးသူများ နှင့် ကျေးရွာလူထု၏ သတ်မှတ်သောအဆင့်များ၊ ၎င်းတို့၏လိုအပ်ချက်များကို ဦးစား ပေး စဉ်းစားရေးဆွဲခဲ့သည်။
- ကျေးရွာအခြေခံ အဆောက်အဦးများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေးဆွဲအကောင်အထည် ဖော်ရေး လုပ်ငန်းများတွင် ကျေးရွာလူထု နွမ်းပါးသူများ ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် လုပ်အားခ များရရှိပြီး ဝင်ငွေများရရှိလာမည် ဖြစ်သည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကျေးရွာတွင် လုပ်ကိုင်ခြင်းဖြင့် ကျေးရွာလူထုမှ အချိန်ကုန်မှုများ လျော့လာပြီး ဖွံ့ဖြိုးတိုးတက် လာမည်ဖြစ်သည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့်တစ်ခုချင်းစီအတွက် သုံးသပ်ချက်

(၈)ရာသီခွင်ပြပြက္ခဒိန်နှင့် သုံးသပ်ချက်။





ရာသီခွင်ပြပြက္ခဒိန်

ရာသီခွင်ပြဇယားမှဆန်းစစ်မှုရလဒ် (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

- လယ်ယာလုပ်ငန်း၊ တောင်ယာလုပ်ငန်း(အဓိကဝင်ငွေရလုပ်ငန်း)။
- ထင်းခုတ်၊ ဝါးခုတ်၊ ရာသီပေါ်သီးနံ တနိုင်တပိုင်စိုက်ပျိုးမှု (အခြားဝင်ငွေရ)။
- လယ်ယာနှင့် တောင်ယာရာသီပေါ်ချိန်ဝင်ငွေများ၊ လုပ်အားခများများရ။
- အခြားဝင်ငွေရမှု လုံလောက်မှုမရှိ။ (အိမ်တွင်းစိုက်ပျိုးသီးနှံများဖြင့် စားဝတ်နေရေး ဖြေရှင်း)။
- တန်ခူး၊ ကဆုန်၊ နယုန်၊ တော်သလင်း၊ တပေါင်းလများတွင် လုပ်အားခနည်းပါး။
- ကျန်းမာရေး-ဂါခေါင်လနှင့် တော်သလင်းလတွင် ဖျားနာတတ်သည်။
- တစ်နေ့တာအတွင်းမိသားစုလိုက် အလုပ်အကိုင်မတူ၍ အမျိုးသား နှင့် အမျိုးသမီး ဝင်ငွေမတူညီ (အမျိုးသမီးများအိမ်မှုကိစ္စများနှင့် အချိန်ကုန်)။
- အမျိုးသားများမှတာဝန်ခွဲဝေယူမှုနှင့်ကျားမရေးရာသိမြင်ခံစားလာအောင်ဆွေးနွေး (အိမ်မှုကိစ္စဝိုင်းလုပ်လျှင် ၂-ဦးလုံးဝင်ငွေရရှိနိုင်)။
- တန်းတူညီမျှမှုနှင့် သာတူညီမျှမှုအကြောင်းဆွေးနွေး၍ဝင်ငွေတိုးစေခြင်းကိုဆွေးနွေး။

### ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့်တစ်ခုချင်းစီအတွက် သုံးသပ်ချက်

### (ဃ) ပင့်ကူအိမ်ကွန်ယက်နှင့် သုံးသပ်ချက်ပင့်ကူအိမ်ကွန်ယက်





**ပင့်ကူအိမ်သုံးသပ်ခြင်း၊ ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း**

- အမျိုးသမီးများ၏ လက်ရှိအနေအထားမှာအလုပ်အကိုင်၊ ဝင်ငွေရှာဖွေနိုင်မှု၊ အုပ်ချုပ်မှု၊ လုံခြုံမှုနှင့်အဖွဲ့အစည်းပူးပေါင်းပါဝင်မှုတို့ အားနည်းသည်ကိုတွေ့ရသည်။
- အမျိုးသားများ၏အလုပ်အကိုင်၊ ဝင်ငွေရှာဖွေနိုင်မှု၊ လုံခြုံမှုတို့တွင် အားကောင်းပြီး အမျိုးသမီးများအနေဖြင့် အားနည်းနေသည်ကိုတွေ့ရသည်။ အမျိုးသမီးများမှာ အိမ်တွင်းမှုတွင်သာရာနှုန်းပြည့်နီးပါးဖြစ်နေပါသည်။
- အမျိုးသမီးများသည် အိမ်တွင်းမှုတွင် အချိန်ကုန်နေရပြီးလုံခြုံမှုနည်းပါးခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးခြင်း၊ ဝင်ငွေရှာဖွေနိုင်မှု နည်းပါးခြင်း။
- ကျေးရွာတွင် အမျိုးသမီးသီးသန့် အသိပညာပေးဆွေးနွေးပွဲများ၊ လုပ်ပိုင်ခွင့်၊ ဆုံးဖြတ်ချက် ချပိုင်ခွင့်နှင့် လုပ်အားခများတန်းတူပေးခြင်းဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသမီးများအားလက်တွဲခေါ်ခြင်းဖြင့် ကူညီနိုင်သည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်

(င) အရင်းအမြစ်များအပေါ် အသုံးပြုမှု၊ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှုအပေါ် သုံးသပ်ချက်





အရင်းအမြစ်များအပေါ် အသုံးပြုမှု/ထိန်းချုပ်မှု

**ပိုင်ဆိုင်မှု (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**

- အမျိုးသမီးများပါဝင်ဆွေးနွေးခြင်း၊ ဆုံးဖြတ်ချက်ချခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့တွင် ပစ္စည်းများအားအမျိုးသားများနှင့်တန်းတူပိုင်ဆိုင်နိုင်။
- အချုပ်စက်၊ မီးပူ ကဲ့သို့သော အရင်းအမြစ်များကို အမျိုးသမီးများက အသုံးပြုကြသည်။
- ဆိုင်ကယ်၊ သစ်တော၊ ချောင်း၊ ရေလှောင်ကန်၊ လမ်း၊ လယ်၊ ကိုင်း၊ ရေတွင်း၊ စသည်တို့ကဲ့သို့သော အရင်းအမြစ်များကို အမျိုးသားနှင့်အမျိုးသမီး နှစ်ဦးစလုံး အသုံးပြုကြသည်။
- အမျိုးသားနှင့်အမျိုးသမီး နှစ်ဦးစလုံးအသုံးပြုသော အရင်းအမြစ်များမှာ အလွန်များပြားသည်။ သို့သော် ထိုအရင်း အမြစ်များကို ထိန်းချုပ်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်း တို့တွင်မူ အများအားဖြင့် အမျိုးသားများကသာ ထိန်းချုပ်ထားကြ သည်။
- အမျိုးသမီးများအနေဖြင့် ၎င်းတို့ကိုယ်တိုင် ထိန်းချုပ်ရသော( သို့ ) ဆုံးဖြတ်ချက်ချရသော အရင်းမြစ်များမှာ အလွန် နည်းပါးသည်။
- အရင်းအမြစ်များအား ထိန်းချုပ်ခြင်း၊ ဆုံးဖြတ်ခြင်းတို့တွင် အမျိုးသမီးများသည်လည်း အမျိုးသားများနှင့် တန်းတူပြုလုပ်နိုင်ကြောင်း၊ တန်းတူပိုင်ဆိုင်ခွင့်ရှိကြောင်း၊ ဆွေးနွေးခြင်းဖြင့် အမျိုးသားနှင့်အမျိုးသမီး တန်းတူညီမျှမှု ရှိ ပေလိမ့်မည်။

## ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့်တစ်ခုချင်းစီအတွက် သုံးသပ်ချက်

### (စ) အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံနှင့်သုံးသပ်ချက်




အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ

**အဖွဲ့အစည်းချိတ်ဆက်ပြပုံ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**

ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့သည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကဦးဆောင်သည်။ ကျေးရွာအုပ်ချုပ်ရေး အဖွဲ့တွင် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများနှင့် ကျေးရွာရပ်မိရပ်ဖများလည်း ပါဝင်ကြသည်။အမျိုးသားများသာ ပါဝင်ဖွဲ့စည်း ထားသည်။


ကျေးရွာလူငယ်အဖွဲ့သည် ကျေးရွာ၏သာရေးနာရေးများနှင့် လူမှုရေးလုပ်ငန်းများကို အုပ်ချုပ်ရေးအဖွဲ့နှင့်ချိတ်ဆက် ဆောင်ရွက်သည်။လူငယ်အဖွဲ့တွင် အမျိုးသမီး များလည်း ပါဝင်ကြသည်။ ၎င်းတို့သည် ကျေးရွာသာရေး၊ နာရေးများ၌ ချက်ရေးပြုတ်ရေးနှင့် ကျွေးမွေးဧည့်ခံရေးတို့တွင် အမျိုးသားများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ကြ သည်။

လူထုဗဟိုပြုကော်မတီအဖွဲ့သည်လည်း အုပ်ချုပ်ရေးအဖွဲ့နှင့်ချိတ်ဆက်၍ ကျေးရွာ၏ဖွံ့ဖြိုးရေး ကို ဆောင်ရွက်ကြသည်။

ကျေးရွာရှိ အုပ်ချုပ်ရေးအဖွဲ့သည် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့နှင့် ချိတ်ဆက်နေသကဲ့သို့ လူထုဗဟိုပြုစီမံကိန်း အထောက်အကူပြုအဖွဲ့ နှင့် မီးသတ်အဖွဲ့ စသည်တို့သည်လည်း သက်ဆိုင်ရာမြို့နယ်အဖွဲ့အစည်းများနှင့် အသီးသီး ချိတ်ဆက်၍ ကျေးရွာဖွံ့ဖြိုးရေးကို ဆောင်ရွက်ကြသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့်တစ်ခုချင်းစီအတွက် သုံးသပ်ချက်

(ဆ)အမျိုးသမီး၊ အမျိုးသားအုပ်စုများ၏ အခက်အခဲ ပြဿနာများကိုသုံးသပ်ချက်။




အခက်အခဲ ပြဿနာများ

# အခက်အခဲပြဿနာများ(ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)

**အမျိုးသားများမှ တင်ပြသောအခက်အခဲ/ပြဿနာများ**

လမ်းပန်းဆက်သွယ်ရေးမကောင်းသဖြင့် သီးနှံများ ရောင်းချရာတွင် ဈေးနှိမ်ခံရခြင်း၊ ဆေးဝါး၊ ဓါတ်ဆားရှားပါးခြင်း၊ အလုပ်အကိုင် ရှားပါးခြင်း၊ နွေရာသီတွင် ရေမသန့်ခြင်း၊ ရှားပါးခြင်း များကို အမျိုးသားများဘက်မှ တင်ပြဆွေးနွေး ကြသည်။

**အမျိုးသမီးများမှ တင်ပြသောအခက်အခဲ/ပြဿနာများ**


လမ်းမကောင်းသဖြင့် ကျန်းမာရေး ပညာရေး ခက်ခဲခြင်း၊ နွေရာသီတွင် သောက်သုံးရေ ခက်ခဲခြင်း၊ လျှပ်စစ်မီး မရရှိခြင်း စသည်တို့ကို အမျိုးသမီးများ ဘက်မှ တင်ပြဆွေးနွေး ကြသည်။

ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး ဘက်ပေါင်းစုံမှ သုံးသပ်ထားကြသည်။ အမျိုးသားများ အဆိုပြုသောအခက်အခဲများနှင့် အမျိုးသမီးများအဆိုပြုသောအခက်အခဲများ အများအားဖြင့်တူညီ နေကြသည်။ အမျိုးသမီးများသည် ၎င်းတို့ကျေးရွာ၏ အခက်အခဲများကို အမျိုးသားများထက် များစွာ ဖော်ထုတ်ခဲ့ကြသည်။

အမျိုးသားများသည် ရုပ်ဝတ္ထုပိုင်းကိုသာ အဓိကထားကြသည်။ အမျိုးသမီးများကမူ အခြား အခြားသော ၎င်းတို့ကျေး ရွာအတွက် အခြေခံကြသော အခက်အခဲများကို ဖော်ထုတ် နိုင်ခဲ့ကြသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့်တစ်ခုချင်းစီအတွက် သုံးသပ်ချက်

(ဇ)ကျေးရွာမျှော်မှန်းချက် နှင့်သုံးသပ်ချက်။



ကျေးရွာမျှော်မှန်းချက်များ

**ကျေးရွာမျှော်မှန်းချက်များ( ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက် )**

အမျိုးသားများအနေဖြင့် ၄င်းတို့ကျေးရွာဖွံ့ဖြိုးရေးအတွက် မျှော်မှန်းကြရာတွင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန် မျှော်မှန်းထားကြသည်။ ထို့အပြင် ၄င်းတို့သည် ဆေးရုံဆေးခန်း၊ စာသင်ကျောင်း၊ ရေမီးဖူလုံရမည်။ ကျေးရွာ၏ ကူညီပံ့ပိုးကူညီမှုဖြင့် စံပြကျေးရွာဖြစ်လာစေချင်သည် စသည်ဖြင့် မျှော်မှန်းချက်များ ရှိကြ သည်။


အမျိုးသမီးများသည်လည်း အမျိုးသားများနည်းတူ ရွာတွင်စာကြည့်တိုက် ဆောက်လုပ်နိုင်ရန်၊ ဆေးပေးခန်းဆောက် လုပ်နိုင်ရန်၊ ဘုန်းကြီးကျောင်း ရှိရမည်၊ စက်ရေတွင်း၊ ရေစင်၊ ရေပိုက်လိုင်းဖြင့် အိမ်တိုင်းရေရရှိရမည်ဟု မျှော်မှန်း ထားကြသည်။

အမျိုးသမီးများသည် အမျိုးသားများနှင့် မတူညီသောမျှော်မှန်းချက်များရှိကြသည်။ အိမ်တွင်း မှုကိစ္စများကို အများအားဖြင့် အမျိုးသမီးများကသာ လုပ်ဆောင်ကြရသည့်အတွက် အမျိုးသားများနှင့် မတူညီသော အိမ်တွင်းမှုနှင့်ဆက်စပ်သော မျှော်မှန်းချက်အချို့ကို အမျိုးသမီးများက မျှော်မှန်းထား ကြသည်။

အမျိုးသမီးများသည် ၄င်းတို့ကျေးရွာတွင် စုံလင်စွာရရှိနိုင်သောဈေးတန်းရှိလျှင် ဈေးရောင်း ခြင်းဖြင့် အမျိုးသမီးများ လည်း ဝင်ငွေရရှိနိုင်မည်။ မြို့ပေါ်သို့ဈေးဝယ်သွားရန် အချိန်မကုန်တော့သဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ၄င်းတို့ အမျိုးသမီးများလည်း ပါဝင်လုပ်ဆောင်နိုင်မည်။ စသည့်တို့ကြောင့် ၄င်းတို့ကျေးရွာဖွံ့ဖြိုးရေးအတွက် ရွာတွင်စုံလင်စွာ ရရှိနိုင်သော ဈေးတန်းလေးရှိရန် မျှော်မှန်းထား ကြခြင်း ဖြစ်ပေလိမ့်မည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့်တစ်ခုချင်းစီအတွက် သုံးသပ်ချက်

(၈၂)ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်မှုများနှင့် သုံးသပ်ချက်။



ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းလိုအပ်ချက်များ

## ကျေးရွာဖွံ့ဖြိုးရေးအတွက်လိုအပ်သောလုပ်ငန်းများ( ဆွေးနွေးခြင်းနှင့် ဆန်းစစ်ချက် )

ကျေးရွာဖွံ့ဖြိုးရေးအတွက်လိုအပ်သောလုပ်ငန်းများကို အမျိုးသား နှင့် အမျိုးသမီး တစ်ဖက်ဆီ ဖော်ထုတ်၍ အပြန်အလှန်သုံးသပ်ခဲ့ကြခြင်း ဖြစ်သည်။ ကျေးရွာ၏ လိုအပ်ချက်များကို စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အဘက်ဘက်မှ ခြုံငုံသုံးသပ်ခဲ့ကြသည်။

### အမျိုးသားများအဆိုပြုသော လုပ်ငန်များ

- ရွာချင်းဆက် ချောင်းကျောက်လမ်း
- ရွာတွင်းချောင်းကျောက်လမ်း
- မြေထိန်းနံရံ
- စိုက်ပျိုးရေးအတွက် ချေးငွေ
- ဆေးပေးခန်း ဆောက်လုပ်ရန်


### အမျိုးသမီးများအဆိုပြုသော လုပ်ငန်းများ

- ရွာတွင်းချောင်းကျောက်လမ်း
- ဆိုလာမီး
- ဆေးပေးခန်းဆောက်လုပ်ရန်
- စာသင်ကျောင်း ဆောက်လုပ်ရန်
- အစည်းအဝေးခန်းမ
- အိမ်ခြံမြေများ ချထားပေးရန်
- ဝက်မွေးမြူရေး

အမျိုးသားနှင့်အမျိုးသမီး အဆိုပြုသောလုပ်ငန်းများ အများအားဖြင့် တူညီကြသည်။ ရွာတွင်းချောင်းကျောက်လမ်းလုပ်ငန်းမှာ အမျိုးသားနှင့်အမျိုးသမီး နှစ်ဦးစလုံး ဆန္ဒပြင်းပြကြသည်။ ရွာတွင်းရွာပြင်လမ်းများကောင်းမွန်ပါက ကျောင်းသားများသွားလာရေး လွယ်ကူနိုင်မည်။ ဒေသထွက်သီးနှံများရောင်းဝယ်ဖောက်ကားရာတွင် အဆင်ပြေချောမွေ့နိုင်သဖြင့် စီးပွားရေးအဆင်ပြေ နိုင်မည်။စီးပွားရေးအဆင်ပြေလျှင် ကျေးရွာဖွံ့ဖြိုးရေးကိုလည်း စွမ်းစွမ်းတမန် ဆောင်ရွက်နိုင်ကြလိမ့်မည်။

## ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်

<u>(ည)ကျေးရွာဦးစားပေးလုပ်ငန်းများအဆင့် သတ်မှတ်ချက်။</u>




ကျေးရွာဦးစားပေးလုပ်ငန်းပြပုံ

## ဦးစားပေးလုပ်ငန်းများ အဆင့်သတ်မှတ်ချက်( ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက် )

ကြို့ပင်စုအုပ်စု၊ လယ်ကျကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးအဆင့် သတ်မှတ် ရာတွင် မဲပေးခြင်းစနစ်ဖြင့် ရွေးချယ်ခဲ့ကြပါသည်။ထိုသို့ မဲပေးရွေးချယ်ရာတွင် မဲအများဆုံးဖြစ်သော ရွာတွင်းချောင်းကျောက်လမ်းခင်းခြင်းလုပ်ငန်းအား ဦးစာပေး(၁)အဖြစ် လည်းကောင်း၊ ဒုတိယမဲအများဆုံး ရွာချင်းဆက်ချောင်းကျောက်လမ်းလုပ်ငန်းအား ဦးစားပေး(၂)အဖြစ်လည်းကောင်း၊ တတိယမဲအများဆုံး ဆိုလာမီး/အင်ဂျင်မီး လုပ်ငန်းအား ဦးစားပေး(၃) အဖြစ်လည်းကောင်း၊ ရွေးချယ်ခဲ့ကြပါသည်။ ထို့အပြင် မြေထိန်းနံရံလုပ်ငန်းအား ဦးစားပေး(၄) အဖြစ်လည်းကောင်း၊ အစည်းအဝေးခန်းမအား ဦးစားပေး(၅) အဖြစ် လည်းကောင်း စသည်ဖြင့် မဲစဉ်အလိုက် အသီးသီးရွေးချယ်ခဲ့ကြပါသည်။

အဓိကဦးစားပေးလုပ်ငန်းမှာ ရွာတွင်းချောင်းကျောက်ခင်းခြင်းလုပ်ငန်း ဖြစ်သည်။ လမ်းများ ကောင်းမွန်ပါက ကျေးရွာလူထုအားလုံး သွားလာရေးအဆင်ပြေနိုင်မည်။ ကျောင်းသားများလည်း အဆင်ပြေနိုင်မည်။ သီးနှံများရောင်းဝယ်ဖောက်ကားရာတွင် အဆင်ပြေချောမွေ့နိုင်သဖြင့် စီးပွားရေအဆင်ပြေ၍ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုလုပ်ဆောင်နိုင် ပေလိမ့်မည်။

ဦးစားပေး(၁)ဖြစ်သော ရွာတွင်းလမ်း ချောင်းကျောက်ခင်းခြင်း လုပ်ငန်းသည် ထိုကျေးရွာရှိ ကျေးရွာသူ/ ကျေးရွာသားများသာမက အခြားကျေးရွာများ အတွက်ပါ အကျိုးပြု နိုင်ပေလိမ့်မည်။

ကျေးရွာဖွံ့ဖြိုးရေးအတွက်ပူပေါင်းပါဝင်ဆွေးနွေးနေပုံ






ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီဝင်များစာရင်း

# ကျေးရွာကော်မတီဝင် စာရင်း

| စဉ် | တာဝန် | ရာထူး | အမည် | ဖုန်းနံပါတ် |
|---|---|---|---|---|
| ၁။ | ကျေးရွာစီ/ထောက် ကော်မတီ | ဥက္ကဋ္ဌ | ဦးဝင်းလှိုင် | 09250740690 |
| | | ဥက္ကဋ္ဌ | ဒေါ်မိုးအေး | |
| ၂။ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်ဝင်းမာခိုင် | |
| | | အဖွဲ့ဝင် | ဦးသက်မောင်မောင် | |
| | | အဖွဲ့ဝင် | ဦးနေလင်းအောင် | |
| ၃။ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဦးစိန်ထွန်း | |
| | | အဖွဲ့ဝင် | ဦးခင်မောင်ရွှေ | |
| | | အဖွဲ့ဝင် | ဒေါ်ခိုင်သဇင်ထွန်း | |
| ၄။ | လည်ပတ်/ပြုပြင်ထိန်းသိမ်း ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်ခင်မာညို | |
| | | အဖွဲ့ဝင် | ဦးဝင်းထိန် | |
| | | အဖွဲ့ဝင် | ဦးဝင်းရွှေ | |
| ၅။ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဦးစိုးကြည် | |
| ၆။ | ဝေဖန်အကြံပြုတိုင်ကြား ဖြေရှင်းရေး | အဖွဲ့ဝင် | ဦးလှိုင်ကြည် | |
| | | အဖွဲ့ဝင် | ဒေါ်အုန်းသွင် | |
| ၇။ | ကျေးရွာစေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးဖော်ဖြိုးအောင် | |
| | | အဖွဲ့ဝင် | ဒေါ်အုန်းစန်း | |

# ၉။ကျေးရွာအခြေခံအချက်အလက်(PC-1)



ပုံ - ၁ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| လူမျိုး | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုး (၁) ဗမာ | ၁၁ | ဘာသာ (၁) ဗုဒ္ဓဘာသာ | ၁၁ |
| လူမျိုး (၂) ရှမ်း | ၁၂ | ဘာသာ (၂) ဗုဒ္ဓဘာသာ | ၁၂ |
| လူမျိုး (၃) ဗမာ+ကရင် | ၂ | ဘာသာ (၃) ဗုဒ္ဓဘာသာ | ၂ |
| လူမျိုးပေါင်း | | ဘာသာပေါင်း | |
| | အရေအတွက် | | ၂၅ |
| မသန်စွမ်းသူများ | ၁ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၆ | | |
| ဝင်ငွေလမ်းကြောင်း | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၃၆ | ၄၁ |
| လူမျိုး (၁) ဗမာ | ၃၀ | ၃၅ |
| လူမျိုး (၂) ရှမ်း | ၃ | ၇ |
| လူမျိုး (၃) ကရင်+ဗမာ | ၃ | - |
| အိမ်ထောင်ဦးစီး | ၂၄ | ၁ |

(၃) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

[illegible] အပိုင်း - (၃)

| | | | | | |
|---|---|---|---|---|---|
| အခြား | ☐ | အခြား | ☐ | ဝင် | ☐ |
| မှတ်ချက် | | မှတ်ချက် | | အခြား | ☐ |
| | | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်ပိုင်သမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်စင်းလမ်း ✓ | မြေသားလမ်း | လူသွားလမ်း | အခြား ____________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

(၁) လူထုဗဟိုပြုစီမံကိန်းမဝင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ/မသိပါ (ဝိုင်းပါ)

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ် 2015 /မသိပါ

(၃) ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် 2 /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် 45 မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား ----------------

မိုးရာသီတွင်ကြာချိန် 1 နာရီ ---------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား ----------------

(ဆ) ယဉ်ကျေးမှုဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

✓ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ --------------------------------

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

(ဓ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) [illegible] ၊ [illegible]

(၂) မီးသတ်အဖွဲ့


ကျေးရွာခေါင်းဆောင် — အမည် ဦးဝင်းလှိုင်

လက်မှတ် [signature] နေ့စွဲ 12.12.2016

လူထုစည်းရုံးရေးမှူး — အမည် [illegible]

လက်မှတ် [signature] နေ့စွဲ 12.12.2016


## ၁၀။ စီမံကိန်းစက်ဝန်း အချိန်ဇယား( PC-2 )



လူထုဝေမျှမြို့ စီမံကိန်း၊ စီမံကိန်းလောက်ရှိ အခြင်း - (ခ)

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ငွေလှူရေးရာအစီအစဉ် ရေးဆွဲခြင်း | | | | | | \| |
| ၆.၃။ သင့်လျော်ရာတန်ကြေး လုပ်ထားစေမိအစဉ် ရေးဆွဲခြင်း | | | | | | \| \| |
| ၆.၄။ ကြိုး/မိုးအစီအစဉ် ရေးဆွဲခြင်း | | | | | | \| \| |
| ၇။ စီမံကိန်းလုပ်ငန်းနှင့် ဆိုးကျိုးမှု စောင့်ကြည့် အစည်းအဝေး | | | | | | \| |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | \| \| |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | \| \| |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | \| \| |
| ၈။ စီမံကိန်းလုပ်ငန်းနှင့် အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | \| \| |
| ၉။ လူထုမှာဝေဆွေးအစည်းအဝေး | | | | | | \| \| |

# ၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်( PC-3 )



လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

ပုံစံ - ၈ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

လမ်းညွှန်ချက် အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးသိန်းဇော် CF ၊ ဒေါ်မြတ်ဆုမွန် TF | | | |
| နေ့စွဲ 12.10.17 | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း၊ | ကျေးရွာအုပ်စု ကြို့ပင်ရှ | ကျေးရွာ လယ်ဘိကုန်း၊ |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည့်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | အလုပ်အကိုင်ရှားပါးခြင်း | ၁ | ပညာရေးခက်ခဲခြင်း |
| ၂ | ရွာတွင်းလမ်းမကောင်းခြင်း | ၂ | ကျန်းမာရေးခက်ခဲခြင်း |
| ၃ | လျှပ်စစ်မီးမလင်းခြင်း | ၃ | သောက်သုံးရေရှားပါးခြင်း |
| ၄ | လမ်းပန်းဆက်သွယ်ရေးမကောင်းခြင်း | ၄ | |
| ၅ | | ၅ | |
| ၆ | | ၆ | |
| ၇ | | ၇ | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | လမ်းပန်းဆက်သွယ်ရေးကောင်းချင် | ၁ | ရွာတွင်းလမ်းကောင်းရန် |
| ၂ | လျှပ်စစ်မီးလင်းရန် | ၂ | သောက်သုံးရေ ရလုံချင် |
| ၃ | ဆေးပေးခန်း ရှိချင် | ၃ | စာသင်ကျောင်း ရှိချင် |
| ၄ | | ၄ | |
| ၅ | | ၅ | |
| ၆ | | ၆ | |
| ၇ | | ၇ | |

လူထုပေါ်ပြူ စီမံကိန်း။ စီမံကိန်းလက်စွဲ အပိုင်း - (၃)

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် (သိန်း) | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | [illegible] | အမျိုးသား | ၂၂·၅ | ၇၇ ဦး |
| ၂ | [illegible] | အမျိုးသမီး | ၈၀ | ၇၇ |
| ၃ | [illegible] | အမျိုးသမီး | - | ၇၇ |
| ၄ | | | | |
| ၅ | | | | |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျိုးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။


| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | [illegible] | အမျိုးသား + အမျိုးသမီး | |
| ၂ | [illegible] | " | |
| ၃ | [illegible] | " | |
| ၄ | [illegible] | " | |
| ၅ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ကော်မီတီမှ အတည်ပြုသည်။

အမည် ........ [illegible] ........ လက်မှတ် ........ [signature] ........ နေ့စွဲ ........ 12.10.17

[illegible] လက်မှတ် [signature]

# ၁၂။ကျေးရွာအုပ်စု စီမံကိန်းလုပ်ငန်းရွေးချယ်ခြင်း( PC-4 )



လူထုဗဟိုပြုစီမံကိန်း၊စီမံကိန်း[illegible]

အပိုင်း-၃ ၉.၉.၂၀၁၅

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ကိုင်းသာ | ကွန်ကရစ်လမ်း | ၅၀၀'x၁၀'x ၆" | ၆၅၃ | □အမျိုးသား □အမျိုးသမီး ✓အမျိုးသားနှင့် အမျိုးသမီး | ၉၄ အိမ် | - | | ၉၄ အိမ် |
| ကံရွာ(အောက်ရွာ) | ကွန်ကရစ်လမ်း | ၅၀၀'x၁၀'x ၆" | ၅၆၄ | □အမျိုးသား □အမျိုးသမီး ✓အမျိုးသားနှင့် အမျိုးသမီး | ၉၀ အိမ် | - | | ၉၀ အိမ် |
| ကျောက်ပါးဆင် | တာရိုးဖော် ခြင်း | ၇၅၀၀'x ၁၈'x ၁'-၆" | ၄၄၉ | □အမျိုးသား □အမျိုးသမီး ✓အမျိုးသားနှင့် အမျိုးသမီး | ၈၅ အိမ် | - | | ၈၅ အိမ် |
| | | | | □အမျိုးသား □အမျိုးသမီး □အမျိုးသားနှင့် အမျိုးသမီး | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် ဦး[illegible] ၊ ဒေါ်[illegible]

လက်မှတ် [signature] ရက်စွဲ ၂၀.၁၀.၂၀၁၇

# အစည်းအဝေးမှတ်တမ်း

**လူထုဗဟိုပြုစီမံကိန်း**(တတိယနှစ်စက်ဝန်း)

**ကျေးရွာအုပ်စု - ကြို့ပင်စု** **ပထမ/ဒုတိယအကြိမ်ကျေးရွာအစည်းအဝေး**

**ကျေးရွာ - လယ်ကျ** **ရက်စွဲ- 12.10.2017**

လယ်ကျရွာ၏ ပထမ၊ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးကို ၁၂-၁၀-၂၀၁၇ ရက်နေ့တွင် ကျေးရွာ လူထုအိမ်တွင် ဆောင်ရွက်ခဲ့ပါသည်။ အစည်းအဝေးကို နံနက်(၉)နာရီတွင် စတင် ခဲ့ပါသည်။ ရပ်မိရပ်ဖ တစ်ဦးမှ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ဆက်လက်၍ ဝန်ထမ်းများမှ မိတ်ဆက်၍ လူထုစည်းရုံးမှုမှ စီမံကိန်းမိတ်ဆက်ခြင်းနှင့် စီမံကိန်း၏ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားခဲ့ပါသည်။ဆက်လက်၍ အဓိကပါဝင်သူများ၏ တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားခဲ့ပြီး လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်းတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော ကော်မတီများ ကို ကျေးရွာ လူထုသဘောထားကို ဆွေးနွေး ပြီး ကော်မတီဝင်များကို ပြန်လည် အတည်ပြု ရွေးချယ် ခဲ့ပါသည်။ ထို့နောက် နေ့လည် (၁၂)နာရီတွင် ထမင်းစားနားခဲ့ပါသည်။

နေ့လည်(၁း၀၀)နာရီတွင် အစည်းအဝေးကို ပြန်လည်စတင်ခဲ့ပြီး ထို့နောက်တွင် လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံ၊ ဥစ္စာ ဓနအဆင့်သတ်မှတ်ခြင်း၊ အရင်းအမြစ် ပိုင်ဆိုင်/ထိန်းချုပ်မှု၊ ပင့်ကူအိမ်သုံးသပ်ခြင်း၊ အခက်အခဲများ၊ မျှော်မှန်းချက်များ စသည့် လူမှုဆန်းစစ်ခြင်းများကို ပြန်လည်ဆွေးနွေးသုံးသပ်ခဲ့ကြပါသည်။ထို့နောက်တွင် ကျေးရွာအတွက် ဆောင်ရွက်ရန် ကျေးရွာ ဖွံ့ဖြိုး ရေးလုပ်ငန်းများကို ကျေးရွာလူထုနှင့် ဆွေးနွေးဖော်ထုတ်ပြီး ဆွေးနွေးတင်ပြလာသော ကျေးရွာလုပ်ငန်းများကို မဲစနစ်ဖြင့် ဦးစားပေးရွေးချယ်ဖော်ထုတ်အတည်ပြုခဲ့ပါသည်။ဆက်လက်၍ အစည်းဝေးကို ညနေ(၄.၃၀) တွင် ရပ်နားခဲ့ပါသည်။

လူထုစည်းရုံးရေးမှူး

## ၁၄။ ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အဦး | ၁ | ရွာပြင်၊ရွာတွင်းချောင်းကျောက်လမ်း | း<br>မ | ၂၀၁၇ | ကျေးရွာလူထု | လူထုဖဟိုပြုစီမံကိန်း |
| | ၂ | ၊ရွာတွင်းချောင်းကျောက်လမ်း | ကျား | ၂၀၁၇ | ကျေးရွာလူထု | လူထုဖဟိုပြုစီမံကိန်း |
| | ၃ | အစည်းဝေးခန်းမ | း<br>မ | ၂၀၁၇ | ကျေးရွာလူထု | လူထုဖဟိုပြုစီမံကိန်း |
| | ၄ | ကွန်ကရစ်ဘီးလမ်း | ကျား | ၂၀၁၇ | ကျေးရွာလူထု | လူထုဖဟိုပြုစီမံကိန်း |
| | ၅ | ကွန်ကရစ်လမ်း | ကျား<br>မ | ၂၀၁၇ | ကျေးရွာလူထု | လူထုဖဟိုပြုစီမံကိန်း |
| | | | | | | |
| | | | | | | |
| | | | | | | |
| ကျန်းမာရေးနှင့် အားကစား | ၁ | ဆေးပေးခန်း | ကျား | ၂၀၁၇ | ကျေးရွာလူထု | လူထုဖဟိုပြုစီမံကိန်း |
| | ၂ | ဆေးဝါးထောက်ပံ့မှု | မ | ၂၀၁၇ | ကျေးရွာလူထု | လူထုဖဟိုပြုစီမံကိန်း |
| | | | | | | |
| | | | | | | |
| | | | | | | |
| ပညာရေး | ၁ | စာသင်ကျောင်း | ကျား | ၂၀၁၇ | ကျေးရွာလူထု | လူထုဖဟိုပြုစီမံကိန်း |
| | | | | | | |
| | | | | | | |
| | | | | | | |
| အခြား | ၁ | မီးသတ်ရေကန် | ကျား | ၂၀၁၇ | ကျေးရွာလူထု | လူထုဖဟိုပြုစီမံကိန်း |
| | ၂ | | | | | |
| | | | | | | |